# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၁) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) မာန်အောင်ကျွန်း၏ ပင်လယ်ကမ်း သဘာဝအလှကို အခြေခံ၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအား နိုင်ငံတော်အစိုးရမှ အားစိုက်ပါဝင်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | (ခ) နေပြည်တော်- တောင်ညို- မြို့သစ်- ကန်ပြား(မကွေး) လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၆/၀) မှ (၂၂/၆)အထိ လမ်းအကျယ်ကို အနည်းဆုံး (၁၈)ပေအကျယ် ချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၈ | (ဂ) ဆောက်လုပ်ရေးပိုင် လမ်းမကြီးတစ်ခုအပေါ် စည်ပင်သာယာရေးအဖွဲ့များမှ မြို့ဝင်ကြေး ကောက်ခံခွင့် ရှိ၊ မရှိ နှင့် မြို့နယ်တစ်ခုအတွင်း တစ်လမ်းတည်း အသုံးပြုမှုအတွက် အသုံးပြုခ (၄) ကြိမ် ပေးဆောင်နေရခြင်းသည် လက်ရှိ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များနှင့် ကိုက်ညီမှု ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၉ | (ဃ) ရေဦး-ရွှေဘို- မန္တလေး ကားလမ်းမှာ ရေဦးမူးမြစ်ကူးတံတားကို အသုံးပြုကြရပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | (င) နေပြည်တော်- ပန်းတင်-ချောင်းနက်လမ်းကို ယခုထက်ပိုမို၍ အန္တရာယ်ကင်းသော ကားလမ်း တစ်ခုဖြစ်လာရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |

၁၁ (စ) ခေါင်လန်ဖူးမြို့နယ်၊ မငွေဇ- ဆန်းဝါ-ဒဟပ်-ငါးလုံ-ညီးဝါကောင် နှင့် ခေါင်လန်ဖူးလမ်းကို အားထားနေရသော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားလူငယ်များ ခရီးသွားလာရေးလွယ်ကူစေရန် ဒဟပ်ဘိုတဲနှင့် ခေါင်လန်ဖူးမြို့အကြား လမ်းတံတားပျက်စီးမှုအား ပြုပြင်ထိန်းသိမ်း ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း ၂၃

၁၂ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း ၂၇

၁၃ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း ၂၈

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော တာတမံ ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၉

၁၅ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တာတမံ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၃၃

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၅

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၃၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀–၇–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်ကျွန်း၏ ပင်လယ်ကမ်း သဘာဝအလှကို အခြေခံ၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအား နိုင်ငံတော်အစိုးရမှ အားစိုက်ပါဝင် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **နေပြည်တော်– တောင်ညို– မြို့သစ်– ကန်ပြား(မကွေး) လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၆/၀) မှ (၂၂/၆)အထိ လမ်းအကျယ်ကို အနည်းဆုံး (၁၈)ပေအကျယ် ချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးပိုင် လမ်းမကြီးတစ်ခုအပေါ် စည်ပင်သာယာရေးအဖွဲ့များမှ မြို့ဝင်ကြေး ကောက်ခံခွင့် ရှိ၊ မရှိ နှင့် မြို့နယ်တစ်ခုအတွင်း တစ်လမ်းတည်း အသုံးပြုမှုအတွက် အသုံးပြုခ (၄) ကြိမ် ပေးဆောင်နေရခြင်းသည် လက်ရှိ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များနှင့် ကိုက်ညီမှု ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **ရေဦး–ရွှေဘို– မန္တလေး ကားလမ်းမှာ ရေဦးမူးမြစ်ကူးတံတားကို အသုံးပြုကြရပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **နေပြည်တော်– ပန်းတင်– ချောင်းနက်လမ်းကို ယခုထက်ပိုမို၍ အန္တရာယ်ကင်းသော ကားလမ်း တစ်ခုဖြစ်လာရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်၊ မဂွေဇ– ဆန်းဝါ–ဒဟပ်–ငါးလုံ–ညီးဝါကောင်နှင့် ခေါင်လန်ဖူးလမ်းကို အားထားနေရသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားလူငယ်များ ခရီးသွားလာရေးလွယ်ကူစေရန် ဒဟပ်ဘိုတဲနှင့် ခေါင်လန်ဖူးမြို့အကြား လမ်းတံတားပျက်စီးမှုအား ပြုပြင်ထိန်းသိမ်း ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တာတမံ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တာတမံ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၇၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၀၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ခွင့် ၁ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၂ ရက်၊

(၃) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၅) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁၂ ရက်၊
(၆) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ဆိုင်ဟိန်း ခွင့် ၂ ရက်၊
(၇) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊
(၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊
(၉) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)အောင်ရွှေ ခွင့် ၂ ရက်၊
(၁၀) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊
(၁၁) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊
(၁၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း ခွင့် ၂ ရက်၊
(၁၃) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁၂ ရက်၊
(၁၄) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၂ ရက်၊
(၁၅) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၂ ရက်၊
(၁၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် အစည်းအဝေးပြီးဆုံးသည်အထိ၊
(၁၇) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် အစည်းအဝေးပြီးဆုံးသည်အထိ၊
(၁၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၉) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးကြူ ခွင့် ၁ ရက်၊
(၂၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၂ ရက်၊
(၂၁) မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး ခွင့် ၂ ရက်၊
(၂၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၂ ရက်၊
(၂၃) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၂၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၂၅) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၂၆) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး ခွင့် ၁ ရက်၊
(၂၈) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊
(၂၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊
(၃၀) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျူဆန်မိုင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁ ရက်၊

(၃၂) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၂ ရက်၊

(၃၃) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၃၄) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၂ ရက်၊

(၃၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၃၆) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၁ ရက်၊

(၃၇) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊

(၃၈) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၂ ရက်၊

(၃၉) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၂ ရက်၊

(၄၀) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၂ ရက်၊

(၄၁) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၄၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၄၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၄၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၄၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၄၆) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၁ ရက်၊

(၄၇) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၂ ရက်၊

(၄၈) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊

(၄၉) ဘော်လခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊

(၅၀) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၅၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၅၂) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်း ခွင့် ၁ ရက်၊

(၅၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ခွင့် ၁ ရက်၊

(၅၄) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၅၅) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊

(၅၆) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလွိုင်ထွန်း ခွင့် ၁ ရက်၊

(၅၇) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၅၈) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၂ ရက်၊

(၅၉) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၆၀) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၆၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၆၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

(၆၃) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး ခွင့် ၂ ရက်နှင့်

(၆၄) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၆၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြိုယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မာန်အောင်ကျွန်း၏ ပင်လယ်ကမ်းသဘာဝအလှကိုအခြေခံ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအား နိုင်ငံတော်အစိုးရမှ အားစိုက်ပါဝင်ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်မှာရှိတဲ့ မာန်အောင်ကျွန်း ပင်လယ်ကမ်းခြေရဲ့သဘာဝအလှကို အခြေခံပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို နိုင်ငံတော် အစိုးရမှ အားစိုက်ပါဝင်ဆောင်ရွက်ပေးဖို့အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်း ပင်လယ်ကမ်းခြေရဲ့ပကတိအလှတည်ရှိမှုကို ဦးစွာ တင်ပြပါရစေ။ ကျွန်တော့်ကို Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ရခိုင်ပြည်နယ်ထဲမှာရှိတဲ့ မာန်အောင်ကျွန်းရဲ့တည်နေရာကိုပြတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာရှိတဲ့ ပင်လယ်ကမ်းခြေအလှတည်ရှိတဲ့နေရာတွေကို မင်အနီနဲ့ပြထားတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ မာန်အောင်ကျွန်းပေါ်မှာရှိတဲ့ ကမဝကမ်းခြေအပိုင်းပါ။ ကမဝကမ်းခြေမှာ ကျွန်တော်တို့ ကမဝကမားနှင့် ပြင်ကောက်ကမ်းခြေတို့ ပါဝင်ပါတယ်။ ကမ်းခြေက လေးမိုင်ရှိပါတယ်။ မိုင်တိုင်အမှတ်(၁၉) ကနေ (၂၃) အထိဖြစ်ပါတယ်။ အားလုံးတစ်ဆက်တည်းပါ။ ဒီဟာကတော့ ကျွန်တော်တို့ ကမဝကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီပုံကလည်း ကမဝကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီပုံကလည်း ကမဝကမ်းခြေမှာပါဝင်တဲ့နေရာ တစ်ခုပါ။ ဒီဟာကတော့ မိန်းမကြွယ်ကမ်းခြေအပိုင်းပါ။ မိန်းမကြွယ်ကမ်းခြေအပိုင်းမှာ ဘုတ်မျက်တော၊ ကျူနဲ့ မိန်းမကြွယ်ကမ်းခြေတို့ပါဝင်ပါတယ်။ ကမ်းခြေရဲ့အရှည်ဟာ ၆ မိုင်ရှိပါတယ်။ မိုင်တိုင်အမှတ်(၂၃) ကနေ (၂၉) အထိ ဖြစ်ပါတယ်။ အားလုံး တစ်ဆက်တည်းပါ။ ဒီဟာက

မိန်းမကြွယ်ကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီပုံကလည်း မိန်းမကြွယ်ကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီဟာကတော့ ကျွန်တော်တို့ ကအီးကမ်းခြေအပိုင်းပါ။ ဧကအီးကမ်းခြေမှာ ကျွန်တော်တို့ ပလ္လင်ကမ်းခြေနှင့် ကအီးကမ်းခြေတို့ပါဝင်ပါတယ်။ ကမ်းခြေရဲ့အရှည်ဟာ အားလုံးခုနစ်မိုင်ရှိပါတယ်။ မိုင်တိုင်အမှတ်(၂၉) ကနေ မိုင်တိုင်အမှတ် (၃၀) အထိဖြစ်ပါတယ်။ အားလုံး တစ်ဆက်တစ်စပ်တည်းပါ။ ဒီပုံကိုလည်း ကျွန်တော်တို့ ကအီးကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီဟာလည်း ကျွန်တော်တို့ ကအီးကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီပုံကိုလည်း ကျွန်တော်တို့ ကအီးကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီပုံလည်း ကျွန်တော်တို့ ကအီးကမ်းခြေမှာပါဝင်တဲ့နေရာတစ်ခုပါ။ ဒီပုံလည်း ကျွန်တော်တို့ ကအီးကမ်းခြေမှာပါဝင်တဲ့ပုံပါ။ Power Point ကိုရပ်လို့ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ စတုန်းရန်းမိုင် ၂၀၂ မိုင်ကျယ်ဝန်းပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်းဖြစ်ပါတယ်။ ကျွန်းပတ်လမ်းဟာ ၅၁ မိုင် ၄ ဖာလုံရှိပါတယ်။ ပင်လယ်ကမ်းခြေရဲ့ပကတိအလှက ၁၇ မိုင်ရှိပါတယ်။ မိုင်တိုင်အမှတ် (၁၉) ကနေ မိုင်တိုင်အမှတ် (၃၆) အထိဖြစ်ပါတယ်။ အားလုံးတစ်ဆက်တစ်စပ်တည်းပါ။ ကမ္ဘာပေါ်မှာ ၁၇ မိုင်ရှည်လျားတဲ့ ပင်လယ် ကမ်းခြေရဲ့အလှကို ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာပဲ တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်မှာရှိတဲ့ကျွန်းတစ်ကျွန်းပါ။ ကျောက်ဖြူမြို့နှင့် ၄၈ မိုင်၊ တောင်ကုတ်မြို့နှင့် ၄၉ မိုင်၊ ရမ်းဗြဲကျွန်းနှင့် ၁၀ မိုင်ကွာဝေးပါတယ်။ တောင်ကုတ်မြို့နှင့် မာန်အောင်ကျွန်းကို ရှပ်ပြေးယာဉ်တွေ နေ့စဉ်ပြေးဆွဲနေပါပြီ။ တောင်ကုတ်မှ မာန်အောင်ကို ရှပ်ပြေးယာဉ်ဖြင့် သုံးနာရီပဲလာရပါတယ်။ မာန်အောင်ကျွန်းပေါ်မှာရှိတဲ့ လေယာဉ်ကွင်းကို ၂၀၁၅ ခုနှစ်မှာ ပြန်ပြီးဖွင့်လှစ်ခဲ့ပြီမို့ ကျောက်ဖြူ-ရန်ကုန်-စစ်တွေမြို့များကို တစ်ပတ်မှာ သုံးရက်လေယာဉ်နှင့်သွားလို့ရပါပြီ။ တစ်နေ့လုံး နေ့စဉ်သွားလို့ရအောင် လေယာဉ်ကွင်းကို တိုးချဲ့နေပြီမို့ သွားလာရေးမှာ အခက်အခဲမရှိတော့ပါဘူး။ မာန်အောင်ကျွန်းရဲ့ပင်လယ်ကမ်းခြေအလှဟာ ကမ္ဘာမှာလှပတဲ့ကမ်းခြေတစ်ခုဖြစ်ကြောင်းကို နိုင်ငံခြားကလာတဲ့ ဧည့်သည်တွေပြောပြကြပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းရဲ့ ကမ်းခြေကို Pure Virgin Land လို့ပြောကြပါတယ်။ သဘာဝအတိုင်း လုံးဝမပျက်စီးစေဘဲ ကျန်တဲ့ရှည်လျားစွာ လှပနေတဲ့ပင်လယ်ကမ်းခြေကို ကျွန်တော်တို့ မာန်အောင်ကျွန်းရောက်မှပဲ တွေ့ရတယ်လို့ ပြောကြပါတယ်။ ဒါကြောင့် ယခုလွှတ်တော်မှာရှိနေကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များနှင့် TV ဖန်သားပေါ်မှာကြည့်ရှုနေကြတဲ့

မိဘပြည်သူများကိုလည်း မာန်အောင်ကျွန်းကို လာရောက်ပြီးကြည့်ရှုအပန်းဖြေဖို့ကိုလည်း ဖိတ်ခေါ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွားလုပ်ငန်းဟာ မီးခိုးမထွက်တဲ့စက်ရုံကြီးတစ်ခုပါ။ သယံဇာတတွေကို လည်း ထုတ်ယူရောင်းချတဲ့လုပ်ငန်းမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာ ရှိတဲ့ ပင်လယ်ကမ်းခြေရဲ့အလှကိုအခြေခံပြီး ရခိုင်ပြည်နယ်သူ ပြည်နယ်သားရဲ့ ဆင်းရဲတွင်းမှ လွတ်မြောက်ဖို့နှင့် လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အစိုးရက။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းရဲ့ ပင်လယ်ကမ်းခြေ သဘာဝအလှကိုအခြေခံ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအား နိုင်ငံတော်အစိုးရမှ အားစိုက်ပါဝင် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်။ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရခိုင်ပြည် နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့် ပေါင်းစပ်၍လည်းကောင်း၊ အခြားဆက်စပ်ဝန်ကြီးဌာနများမှ ဖြေကြားချက်များနှင့်ပေါင်းစပ်၍လည်းကောင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ယခု ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ မာန်အောင်ကျွန်းဟာ သဘာဝအလှအပများ ပျက်စီးခြင်းမရှိသေးဘဲ ပြန့်ပြူးရှည်လျားသော ကမ်းခြေတည်ရှိသောကြောင့် ပင်လယ်ကမ်းခြေ အပန်းဖြေခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် အကျိုးပြု မယ့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ပါတယ်။ သို့ရာတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင်၊

တိုးတက်အောင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနဲ့အတူ ဆက်စပ်တဲ့ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးမှ မိမိတို့နဲ့သက်ဆိုင်တဲ့လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးမှသာလျှင် အထူးသဖြင့် ဒေသအတွက် လိုအပ်နေတဲ့ အခြေခံအဆောက်အဦများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် ခရီးစဉ်မြှင့်တင်ရေးများကိုပါ ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးမှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ထိုသို့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်ဒုတိယသမ္မတ(၂)မှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၁-၃-၂၀၁၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီးတော့မှ အဲဒီဗဟိုကော်မတီရဲ့ ပထမအကြိမ်အစည်းအဝေးကို ၂၆-၄-၂၀၁၇ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးမှာ ယခုကိုယ်စားလှယ်တော်ကြီး မေးမြန်းလာတဲ့ မာန်အောင်ကျွန်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရေးထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးရာမှာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်မှ မာန်အောင်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသခံများရဲ့လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းမီတဲ့ ဟိုတယ်၊ တည်းခိုရိပ်သာများ ဆောင်ရွက်ထားရှိရေးတို့အား တင်ပြဆွေးနွေးခဲ့ပြီးအစည်းအဝေးမှလည်း ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့မှ ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်ထားခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဌာနများနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လက်ရှိ မာန်အောင်လေယာဉ်ကွင်းပြေးလမ်းကို တိုးချဲ့ခြင်းလုပ်ငန်းကိုဆောင်ရွက်ပြီး လေယာဉ်ကွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဆက်လက်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် GSM Mobile စခန်းတစ်ခုကို မာန်အောင်မြို့နယ် ကိုးဝကျေးရွာမှာတပ်ဆင်လျက်ရှိပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မာန်အောင်ကျွန်း ၂၄ နာရီဓာတ်အားရရှိအောင် မာန်အောင်အများပိုင်ကုမ္ပဏီနဲ့ FMI Company တို့ ပူးပေါင်းပြီးတော့မှ Solar ၂ MW စက်ရုံနှစ်ရုံတည်ဆောက်ရေးအတွက် ပြည်နယ်အစိုးရထံ တင်ပြဆောင်ရွက်နေကြောင်းသိရှိရပါတယ်။

**မူကြမ်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မာန်အောင်ပြည်သူ့ဆေးရုံတိုးချဲ့ရေး နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ်ခွဲတစ်ခုဖွင့်လှစ်ပြီးတော့မှ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မာန်အောင်ကျွန်းရဲ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအပါအဝင် မာန်အောင်ကျွန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၊ မာန်အောင်အများပိုင်ကုမ္ပဏီနဲ့ ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ(FMI)တို့ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်မှစတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ပထမအဆင့်အနေနဲ့ ပင်မစီမံကိန်းတစ်ခုကို ရေးဆွဲရန် Feasibility Study ကိုဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခုအခါ လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုချက်တင်ပြရန်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ Master Plan နှင့်အသေးစိတ်စီမံကိန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပြမည်ဟု သိရှိရပါတယ်။ သို့ပါ၍ မာန်အောင်ကျွန်းတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်များကို ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့မှ FMI ကုမ္ပဏီ၊ မာန်အောင်အများပိုင်ကုမ္ပဏီတို့ရဲ့ လုပ်ငန်းများကိုလည်း လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ထို့အပြင် မာန်အောင်ကျွန်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့်ရပ်တည်နေတဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နဲ့ ဂုဏ်လက်အောက်ခံညီနောင် ၁၁ သင်းတို့မှလည်း ပါဝင်ကူညီဆောင်ရွက်ရန်နဲ့ ခရီးစဉ်ဒေသတစ်ခု ဖြစ်မြောက်ရေးအတွက် လေ့လာရေးအဖွဲ့ကို မိုးရာသီအပြီးကာလမှာ သွားရောက်လေ့လာစေရန်အစီအစဉ်ထားရှိပြီးဖြစ်ပါကြောင်း အစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၆/၀)မှ (၂၂/၆)အထိ လမ်းအကျယ်ကို အနည်းဆုံး ၁၈ ပေအကျယ် ချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းပိုင်းပေါ်မှာရှိတဲ့ လမ်းကျဉ်းနေတဲ့အပိုင်း မိုင်တိုင်(၆) မှ ၂၂ မိုင် ၆ ဖာလုံအထိ လမ်းချဲ့ပေးရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့နေပြည်တော်ကနေ ကန်ပြားကိုသွားဖို့ လမ်းညွှန်ထားတဲ့ဆိုင်းဘုတ်ပဲ ဖြစ်ပါတယ်။ ဒါကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စတင်ဆောက်လုပ်တုန်းက စိုက်ထူထားတဲ့ Vinyl ပဲဖြစ်ပါတယ်။ ဒါကတော့ ကဗျည်းမော်ကွန်း။ စတင်ဖောက်လုပ်တုန်းက မော်ကွန်းတင်ထားတဲ့ဟာ ဖြစ်ပါတယ်။ ဒါကတော့ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြားလမ်းပိုင်းပေါ်မှာ မိုင်တိုင်အမှတ်(၆) မှ ၂၂ မိုင် ၆ ဖာလုံအထိ လမ်းကျဉ်းတဲ့လမ်းမြင်ကွင်းအချို့ပဲဖြစ်ပါတယ်။ ဒီလမ်းတွေဟာဆိုလို့ရှိရင် ပုံမှာမြင်ထားရတာထက် လမ်းတွေက ပိုပြီးကွေ့ကောက်ပြီးတော့ အမှန်တကယ်လက်တွေ့ သွားရမယ်ဆိုလို့ရှိရင် ပိုပြီးကျဉ်းမြောင်းပါတယ်။ ဒါက လမ်းကျဉ်းနေတဲ့အပိုင်းတွေပဲ ဖြစ်ပါတယ်။ ဒီလမ်းရဲ့အကျယ်က ၁၂ ပေပဲရှိပါတယ်။ အကွေ့အကောက်အလွန်ပေါများတဲ့နေရာတွေ ဖြစ်ပါတယ်။ ဒီလမ်းက ကျွန်တော်တို့မကွေးတိုင်းဒေသကြီးသာမက ရခိုင်ပြည်နယ်ကလာတဲ့ ခရီးသည်တွေလည်း နေပြည်တော်တို့၊ ရန်ကုန်တို့သွားလို့ရှိရင် ဒီလမ်းကို အသုံးပြုရပါတယ်။ အခုလို အဝေးပြေးကားကြီးတွေနဲ့တွေ့လို့ရှိရင် ကားရှောင်ရတာ အင်မတန်မှကြပ်တည်းပါတယ်။ ဒါက လမ်းဘေးရှောင်လိုက်လို့ရှိရင် ဒါက မိုးပြတ်ခါစ ကျွန်တော် အပြန်မှာ ရိုက်ထားတာဖြစ်ပါတယ်။ ဘေးမှာဆိုလို့ရှိရင် လမ်းပုခုံးသားတွေကလည်း မကောင်းဘဲနဲ့ တချို့နေရာတွေဆိုရင် အနိမ့်အမြင့်တွေက ခြောက်ကြီးတွေလိုဖြစ်ပြီးတော့ ချော်တဲ့နေရာတွေမှာ အင်မတန်ချော်ပါတယ်။ ဒါမျိုးတွေ ဖြစ်နေတာ တွေ့ရပါတယ်။ အင်မတန်အန္တရာယ်ရှိတဲ့အနေအထားတွေဖြစ်ပါတယ်။ ဒါကတော့ လမ်းကျဉ်းတဲ့နေရာအဆုံးပဲဖြစ်ပါတယ်။ ၂၂ မိုင် ၆ ဖာလုံနေရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာဆိုလို့ရှိရင် တိုင်းဒေသကြီး/ပြည်နယ်များဆက်သွယ်ထားတဲ့လမ်းဖြစ်ပြီးတော့ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းပေါ်မှာရှိတဲ့ ချောင်းနက်လမ်းခွဲကနေ ကန်ပြားဘက်ကို ဆင်းတဲ့အဆင်း မိုင်တိုင်အမှတ်(၆) မှ နေပြည်တော်နယ်မြေအဆုံး ၂၂ မိုင် ၆ ဖာလုံအထိ လမ်းပိုင်းဟာ လမ်းပုခုံးသားများနိမ့်ကာ ကားနှစ်စီးမရှောင်သာဘဲ လမ်းကျဉ်းလျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ခရီးသွားပြည်သူများ သွားလာရေးအဆင်မပြေဘဲ ယာဉ်အန္တရာယ်များကြုံတွေ့နေရတဲ့အနေအထားဖြစ်ပါတယ်။ အခု ကျွန်တော်တို့ မနေ့က နေပြည်တော်ပြန်လာတဲ့

လမ်းပိုင်းမှာဆိုရင်ပဲ လမ်းမှာ ကားတစ်စီးဟာ လမ်းချော်ပြီးတော့ ဘေးကိုထိုးကျနေတာ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ၎င်းလမ်းအပိုင်းဟာ အတက်အဆင်း၊ အကွေ့အကောက်များစွာရှိပြီးတော့ ကားနှစ်စီးလွတ်လပ်စွာရှောင်နိုင်ရန်အတွက် လမ်းချဲ့ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းပိုင်းပေါ်မှာရှိတဲ့ မိုင်တိုင်အမှတ်(၆) မှ ၂၂ မိုင် ၆ ဖာလုံလမ်းအထိ လမ်းကို အနည်းဆုံး ၁၈ ပေအကျယ်အထိ ချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းမှ မေးမြန်းထားတဲ့ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းပေါ်ရှိ (ချောင်းနက်လမ်းခွဲမှ ကန်ပြားဘက်သို့အဆင်း) မိုင်တိုင်အမှတ် (၆/၀) မှ (နေပြည်တော်နယ်မြေအဆုံး မကွေးတိုင်းနယ်မြေအစ) (၂၂/၆) အထိ လမ်းအကျယ်ကို အနည်းဆုံး ၁၈ ပေအကျယ်ချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိသေးပါက မည်သည့်အတွက်ကြောင့် မရှိသေးပါကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးသို့ ဆက်သွယ်ထားတဲ့ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်းတွင်းကြီးလမ်း၏ မိုင်တိုင်(၂၅/၄) ပန်းတင်ရွာမှ လက်ယာဖက်သို့ ခွဲထွက်သွားသောလမ်းပိုင်းဖြစ်ပြီး အရှည်မှာ ၇၉ မိုင် ၄ ဖာလုံရှိပြီး နေပြည်တော်အပိုင်းတွင် ၂၂ မိုင် ၆ ဖာလုံပါဝင်၍ ပြည်ထောင်စုမှ စီမံခန့်ခွဲတဲ့လမ်းအမျိုးအစားဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း

ရန်ပုံငွေဖြင့် မိုင်တိုင် (၅/၇) မှ (၁၁/၅) အထိ ၅ မိုင် ၆ ဖာလုံအား ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၁၈ ပေအကျယ် လမ်းချဲ့ရန် ကျန်ရှိနေတဲ့ မိုင်တိုင် (၁၁/၅) မှ (၂၂/၆) အထိ ၁၁ မိုင် အပိုင်းကိုတော့ လိုအပ်တဲ့ရန်ပုံငွေတွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆောက်လုပ်ရေးပိုင်လမ်းမကြီးတစ်ခုအပေါ် စည်ပင်သာယာရေးအဖွဲ့များမှ မြို့ဝင်ကြေးကောက်ခံခွင့်ရှိ/မရှိနှင့် မြို့နယ်တစ်ခုအတွင်း တစ်လမ်းတည်းအသုံးပြုမှုအတွက် အသုံးပြုခ(၄)ကြိမ် ပေးဆောင်နေရခြင်းသည် လက်ရှိဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်ကိုက်ညီမှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုသိမ်-မုံရွာလမ်းမကြီးနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပုသိမ်-မုံရွာလမ်းမကြီးဟာ ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့်အတူ ပုသိမ်မြို့မှစတင်ပြီးတော့ ကျောင်းကုန်းမြို့နယ်၊ ကံကလေးလမ်းဆုံမှာ ရန်ကုန်-ပုသိမ်လမ်းမကြီးကနေခွဲထွက်ပြီး လက်ဝဲဘက်ကို ခွဲထွက်သွားတဲ့လမ်း ဖြစ်ပါတယ်။ ဒီလမ်းမကြီးက ရေကြည်မြို့နယ်အတွင်းကို ဖြတ်သန်းသွားပြီးတော့ ဂွ-ငါးသိုင်းချောင်းလမ်းနှင့်ဆုံပြီး တစ်ဆက်တည်း မုံရွာမြို့အထိ ဆက်သွားတဲ့လမ်းကြီးဖြစ်ပါတယ်။ ဒီလိုဖြတ်သန်းသွားတဲ့အခါမှာ ရေကြည်မြို့နယ်မှာရှိတဲ့ ပထမဦးဆုံး အသုတ်မြို့ကို ဖြတ်သွားပါတယ်။ အသုတ်မြို့ကိုဖြတ်ပြီးမှ ယင်းကနေတစ်ဆင့် ပိတောက်ချောင်လမ်းဆုံမှာ အနောက်ဘက်ကိုကွေ့ပြီးတော့ ငါးသိုင်းချောင်းမြို့ထိပ်မှာ ထပ်မံပြီးတော့ ဖြတ်သွားပါတယ်။ ငါးသိုင်းချောင်းမြို့ထိပ်မှာ ဝေနံမြစ်ကူးတံတားကိုဖြတ်သန်းခပေးဆောင်ပြီးတဲ့နောက် ရေနံ့သာလမ်းဆုံမှာ ဂွ-ငါးသိုင်းချောင်းလမ်းနှင့်ဆုံတွေ့တာဖြစ်ပါတယ်။ ဒီလိုဆက်လက်ဖြတ်သန်းသွားတဲ့ ဒီလမ်းမကြီးကို ရခိုင်ပြည်နယ်၊ မြန်မာပြည်အထက်ပိုင်းနှင့် ဧရာဝတီအထက်ပိုင်းမြို့နယ်များမှ ခရီးသည်တင်ကားများ၊ ပုဂ္ဂလိကကားများ၊ ကုန်တင်ကားများ၊ ရန်ကုန်နှင့် ပုသိမ်မြို့ကြီး

များကို သွားရောက်ဖို့အတွက် သုံးစွဲနေရတဲ့လမ်းလည်း ဖြစ်ပါတယ်။ နေ့စဉ် ရာချီပြီးတော့ အသွား အပြန်ရှိပါတယ်။ ဒေသခံပြည်သူများရဲ့ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများကလည်း ဒီလမ်းကို နိစ္စဓူဝ အသုံးပြုနေရတာဖြစ်ပါတယ်။ ဒီလိုဖြတ်သန်းသွားလာရာမှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ဖြတ်သန်းသွားတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ အသုတ်မြို့လယ်ကနေဖြတ်သွားတဲ့ အသုတ်မြို့ဝင်ကြေး တစ်ကြိမ်၊ ရေကြည်မြို့တွင်းကိုမဝင်ဘဲနဲ့ အနောက်ဘက်ကိုကွေ့သွားတဲ့ ပိတောက်ချောင်လမ်းဆုံမှာ ရေကြည်မြို့ဝင်ကြေးအဖြစ်နဲ့တစ်ကြိမ်၊ ငါးသိုင်းချောင်းမြို့ထဲကိုမဝင်ဘဲနဲ့ ငါးသိုင်းချောင်းမြို့ထိပ်က ဖြတ်သွားတဲ့နေရာမှာ ငါးသိုင်းချောင်းမြို့ဝင်ကြေးဆိုပြီး တစ်ကြိမ် စည်ပင်သာယာရေးမြို့ဝင်ကြေး အဖြစ်နဲ့ သုံးကြိမ်ပေးဆောင်နေရပါတယ်။ ငါးသိုင်းချောင်းမြို့ထိပ်မှာတော့ ဝေန်မြစ်ကူးတံတားကို ဖြတ်ပြီး ဆက်သွားပြီးတော့ ရေနံ့သာလမ်းဆုံမှာကျတဲ့အခါကျမှ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းအသုံးပြုခ ပေးဆောင်ရပြန်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်းက တော့ မြို့နယ်တစ်မြို့နယ်အတွင်းမှာဖြတ်သန်းသွားတဲ့လမ်းမကြီးတစ်ခုအတွင်းမှာ စည်ပင်သာယာရေး အဖွဲ့ကကောက်ခံတဲ့ မြို့ဝင်ကြေးသုံးကြိမ်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကောက်ခံတဲ့ လမ်းအသုံးပြုခတစ်ကြိမ် ပေးဆောင်နေရခြင်းများဟာ လက်ရှိ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီလိုကောက်ခံတဲ့နေရာမှာ လည်းပဲ မြို့ဝင်ကြေးကောက်ခံသူများရဲ့ မချေမငံပြောဆိုမှုများကြောင့် အချေအတင်များ နေ့စဉ်လိုလို ဖြစ်ပေါ်နေပြီးတော့ ပြည်သူလူထုကလည်း ဒါကို စိတ်မချမ်းမသာဖြစ်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့လမ်းမကြီး တစ်ခုအပေါ်မှာ စည်ပင်သာယာရေးအဖွဲ့များမှ လမ်းအသုံးပြုမှုအတွက် မြို့ဝင်ကြေးအဖြစ် ကောက်ခံ ငွေရှိ/မရှိနှင့် ရေကြည်မြို့နယ်လို မြို့နယ်တစ်ခုအတွင်း လမ်းတစ်ခုတည်းအသုံးပြုမှုအတွက် လမ်း အသုံးပြုခ စည်ပင်သာယာရေးအတွက် သုံးကြိမ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအသုံးပြုခ တစ်ကြိမ် လေးကြိမ်ပေးဆောင်နေရခြင်းများအတွက် လက်ရှိဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းမှ မေးမြန်းထားတဲ့ ဆောက်လုပ်ရေးပိုင်လမ်းမကြီး တစ်ခုအပေါ် စည်ပင်သာယာရေးအဖွဲ့များမှ လမ်းအသုံးပြုမှုအတွက် မြို့ဝင်ကြေးအဖြစ်ကောက်ခံခွင့် ရှိ/မရှိနှင့် မြို့နယ်တစ်ခုအတွင်း လမ်းတစ်လမ်းတည်းအသုံးပြုမှုအတွက် အသုံးပြုခလေးကြိမ် ပေးဆောင်နေရခြင်းများသည် လက်ရှိဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် များနှင့် ကိုက်ညီမှုရှိ/မရှိနှင့် ကိုက်ညီမှုမရှိပါက အရေးယူဆောင်ရွက်သွားမည့်အခြေအနေနဲ့ စပ်လျဉ်း တဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများပေါ်တွင်ရှိသော တိုးလ်ဂိတ်များတွင် ယခင်က မြို့ဝင်ကြေးကို ပူးပေါင်းကောက်ခံရန်ခွင့်ပြုခဲ့သော်လည်း ယခုအခါမှာ တိုးလ်ဂိတ်များတွင် မြို့ဝင်ကြေး ပူးပေါင်း၍ ကောက်ခံခြင်းကို ခွင့်မပြုတော့ဘဲ သီးခြားနေရာမှခွဲ၍ ကောက်ခံစေရန် ညွှန်ကြားချက် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အသုတ်မြို့ဝင်ကြေး၊ ရေကြည်မြို့ဝင်ကြေးနှင့် ငါးသိုင်းချောင်း မြို့ဝင်ကြေးကောက်ခံခြင်းတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ခြင်းမရှိဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစီအစဉ်ဖြင့် စည်ပင်သာယာရေးအဖွဲ့မှ လေလံပေး၍ကောက်ခံနေခြင်း သာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်သည့် ရေနံ့သာလမ်းဆုံဂိတ်သည် ပုသိမ်-မုံရွာလမ်း၏ မိုင်တိုင်အမှတ်(၆၃/၂)တွင်တည်ရှိပြီး ရခိုင်ပြည်နယ်ဘက်သို့သွားသောကားများ အတွက် ရေနံ့သာ(ငါးသိုင်းချောင်း)-ဂွလမ်း(တစ်ကြောင်းတည်းသာ) ၄၉ မိုင်နှင့် အသုတ်ဘက်သို့ သွားသောကားများအတွက် ပုသိမ်-မုံရွာလမ်း အသွား/အပြန် ၄၀ မိုင်အတွက် လမ်းအသုံးပြုခ ကောက်ခံသောလမ်းဂိတ် ဖြစ်ပါတယ်။ ငဝန်တံတားသည် (ဂ)အဆင့် စီမံကိန်းဝင်တံတားအမျိုးအစား ဖြစ်၍ တံတားအသုံးပြုခကောက်ခံခြင်း ဖြစ်ပါတယ်။ ငဝန်တံတားဂိတ်သည် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၅၇/၁) မှ (၅၇/၂)အကြားတွင်တည်ရှိပြီး ငဝန်တံတားပေါ်သို့ ဖြတ်သန်းသွားသော ကားများအတွက်သာ တံတားအသုံးပြုခကောက်ခံခြင်း ဖြစ်ပါတယ်။ အဆိုပါ ရေနံ့သာလမ်းဆုံဂိတ်နှင့် ငဝန်တံတားဂိတ်တို့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၁၉၈၅ ခုနှစ်၊ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ အခန်း(၂) ပုဒ်မ ၃ ၊ ၄ နှင့် အခန်း(၃) ပုဒ်မ ၆ တို့နဲ့အညီ ကြီးကြပ်ဆောင်ရွက်သော လမ်း/တံတားအသုံးပြုခကောက်ခံ ဆောင်ရွက်သည့် လမ်း/တံတားဂိတ်များဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြဋ္ဌာန်းထား သော ဥပဒေနှင့်အညီဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးသိုင်းချောင်းမြို့ဝင်ကြေး ကောက်ခံသောဂိတ်သည် ပုသိမ်-မုံရွာလမ်း၏ မိုင်တိုင်အမှတ်(၅၇/၁) ငါးသိုင်းချောင်းမြို့အဝင်တွင်လည်းကောင်း၊ ရေကြည်မြို့ဝင်ကြေးကောက်ခံသောဂိတ်သည် ပုသိမ်-မုံရွာလမ်း၏ မိုင်တိုင်အမှတ်(၅၂/၆) ရေကြည်မြို့အဝင်တွင်လည်းကောင်း၊ အသုတ်မြို့ဝင်ကြေးကောက်ခံသောဂိတ်သည် ပုသိမ်-မုံရွာလမ်း၏ မိုင်တိုင်အမှတ် (၄၂/၇)နှင့် (၄၀/၄) အသုတ်မြို့အဝင်/အထွက်နှစ်ဘက်တွင်လည်းကောင်း ကောက်ခံခြင်းဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၊ တံတားဂိတ်များ၌ ပူးပေါင်းကောက်ခံခြင်းမရှိပါ။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ၎င်းတို့၏ကွပ်ကဲမှုအောက်ရှိ ရေကြည်၊ အသုတ်၊ ငါးသိုင်းချောင်းမြို့ဝင်ဂိတ်တို့ကို ဧရာဝတီတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် တရားဝင်လေလံချထားလုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ပြီး ၎င်းလေလံရရှိငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကောက်ခံဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ်-မုံရွာလမ်းမကြီးရဲ့ အသုတ်မြို့အတွင်းမှ ဖြတ်သန်းသွားတဲ့အတွက် ဖြတ်သန်းခပေးဆောင်ရခြင်းကိုရှိသော်လည်းပဲ ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့တွေကတော့ မြို့ထဲမဝင်ဘဲနဲ့ မြို့ပြင်ကဖြတ်သွားပေမဲ့ ဒါကို ပေးဆောင်နေရတဲ့ ဖြတ်သန်းခအနေနဲ့ပတ်သက်ပြီးတော့ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)၊ (ဃ) တို့အရ မြို့တွင်းသို့မဝင်ရောက်ဘူးဆိုလို့ရှိရင်တော့ အဆိုပါဝင်ရောက်ရပ်နားခြင်းမရှိတဲ့အတွက် ဥပဒေနှင့်မညီကြောင်း စိစစ်တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ ရေကြည်၊ ငါးသိုင်းချောင်း မြို့ဝင်ကြေးကောက်ခံနေမှုများနှင့်ပတ်သက်၍ ၎င်းဂိတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့များက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လေလံချထားပေးပြီးဖြစ်သဖြင့် ယခုဘဏ္ဍာရေးနှစ်ကုန်အထိသာ ဆက်လက်ကောက်ခံခွင့်ပြုသွားမှာဖြစ်ပြီးလာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြို့ဝင်ကြေးကောက်ခံနေခြင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုတော့မှာမဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရေကြည်မြို့နယ်မှာက နံမည်က ရေကြည်မြို့နယ်။ ငါးသိုင်းချောင်းနှင့် အသုတ်က မြို့။ ငါးသိုင်းချောင်းမြို့နယ်မဟုတ်ဘူး။ အသုတ်မြို့နယ်မဟုတ်ဘူး။ ရေကြည်မြို့နယ်ထဲမှာ ငါးသိုင်းချောင်းမြို့နှင့် အသုတ်မြို့က ပါတယ်။ ဒါ တစ်ခု။ နောက်တစ်ခုက ကျွန်တော်တို့အခုနက ဝန်ကြီးဌာနက ဖြေတယ်။ ဥပဒေနှင့်မညီဘူးပြောတယ်။ ဥပဒေနှင့်မညီတာကို နှစ်ကုန်တဲ့အထိ

ဘာကြောင့်များ ဆက်လက်ကောက်ခံတာလဲ။ ဒါကတော့ တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး စည်ပင်နဲ့တော့ ပေါင်းစပ်ညှိနှိုင်းဖို့လိုတယ်။ ဥပဒေနှင့်မညီဘူး သိနေရင် ဥပဒေအတိုင်းပဲဖြစ်ရမှာပေါ့။ ဘယ်ဌာန၊ ဘယ်အဖွဲ့အစည်းကပဲ လုပ်လုပ်။ ဥပဒေအတိုင်းမညီဘူးလည်း ပြောတယ်။ ဥပဒေအတိုင်း မဖြစ်ဘူး။ ဒါကို ဆက်ပြီးထားဦးမယ်ဆိုတာကတော့ တိုင်းဒေသကြီးစည်ပင်နှင့် တိုင်းဒေသကြီးအစိုးရနဲ့ ဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းဖို့တော့ လိုအပ်တယ်လို့ ထင်ပါတယ်။

**ရေဦး-ရွှေဘို-မန္တလေးကားလမ်းမှာ ရေဦးမူးမြစ်ကူးတံတားကို အသုံးပြုကြရပါသဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရေဦးမြို့နယ်ဟာ ရပ်ကွက်ကျေးရွာ အုပ်စုပေါင်း ၆၇ အုပ်စုရှိပြီး၊ ကျေးရွာပေါင်း ၁၉၁ ရွာရှိပါတယ်။ ရေဦးမြို့ဟာ မူးမြစ်ကမ်းဘေးမှာတည်ရှိပြီးတော့ ရန်ကုန်-မန္တလေးနှင့် အခြားမြို့ကြီးများကို အပြန်အလှန်ဆက်သွယ်ရာမှာ ရေဦး-မုံရွာ-မန္တလေး ကားလမ်းနှင့် ရေဦး-ရွှေဘို-မန္တလေးကားလမ်း ဒီနှစ်လမ်းကို အဓိကထားအသုံးပြုသွားလာကြရပါတယ်။ ရေဦး-မုံရွာ-မန္တလေးကားလမ်းဟာ ၁၃၈ မိုင်ရှည်လျားပြီး ရေဦး-ရွှေဘို-မန္တလေးကားလမ်းကတော့ ၉၅ မိုင်ရှည်လျားပါတယ်။ ကလေးဝမြို့နယ်မှ ဆင်းလာသောကားများနှင့် တန့်ဆည်မြို့နယ်မှ ကားကြီး၊ ကားငယ်များ ရန်ကုန်-မန္တလေးနှင့် အခြားမြို့ကြီးများကို အပြန်အလှန်ဆက်သွယ်ရာမှာ ဒီလမ်းနှစ်လမ်းကို အဓိကထားအသုံးပြုသွားလာကြရပါတယ်။ ဒီလမ်းနှစ်လမ်းကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ရေဦး-ရွှေဘို-မန္တလေးကားလမ်းမှာ ရေဦးမူးမြစ်ကူးတံတားကို အသုံးပြုကြရပါတယ်။ ရေဦးမြို့နယ် မူးမြစ်ကူးတံတားကို ၁၉၉၈ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၀၀ ပြည့်နှစ်မှာ မီးရထားဝန်ကြီးဌာနက ဆောက်လုပ်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ၂၁၂၅ ပေရှည်လျားပြီး သံကူကွန်ကရစ်အမျိုးအစား ဖြစ်ပါတယ်။ ရထားနှင့်ကားများ သွားလာနိုင်သော်လည်း ရထားသွားလာနိုင်စေရန်အတွက် အဓိကထားဖောက်လုပ်ထားသော လမ်း ဖြစ်ပါတယ်။

**မူကြမ်း**

Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ရေဦးမြို့တည်နေရာပြမြေပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေဦးမြို့အစွန်းကနေပြီးတော့ မုံရွာမြို့ကိုသွားတဲ့ ကားလမ်းနဲ့ ရွှေဘို-မန္တလေး ဘက်ကို သွားတဲ့ကားလမ်းဆုံပြနေရာဖြစ်ပါတယ်။ ဒါကတော့ မုံရွာဘက်ကနေပြီးတော့ ရေဦးမြို့ ဘက်ကိုဝင်လာတဲ့ ကားလမ်းဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ မူးတံတားကနေပြီးတော့ ရွှေဘို-မန္တလေးဘက်ကိုထွက်သွားတဲ့လမ်းပိုင်းဖြစ်ပါတယ်။ ဒါကတော့ ရေဦးမြို့ပေါ်မှာရှိတဲ့ မူးမြစ်ကူးတံတား ဖြစ်ပါတယ်။ ၂၁၂၅ ပေရှည်လျားပြီးတော့ ရထားနှင့်ကားများ သွားလာနိုင်ပါတယ်။ ဒါကတော့ မူး တံတားကနေထွက်လာတဲ့အခါမှာ တစ်လမ်းမောင်းဖြစ်တဲ့အတွက်ကြောင့် ကားများဟာ တန်းစီပြီး ထွက်လာခြင်းဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါတယ်။ ရေဦးမူးမြစ်ကူးတံတားဟာ မီးရထား၊ ကားနှစ်မျိုးသွားလာနိုင်သော်လည်း ကားများသွားလာရာမှာတော့ တစ်လမ်းမောင်းသွားလာကြရ ပါတယ်။ တစ်နေ့လျှင် ကားနှင့်ထော်လာဂျီ အကြီး၊ အသေး စုစုပေါင်း အစီးရေ ၆၀၀ ခန့်ဝန်းကျင်နှင့် မော်တော်ဆိုင်ကယ် ၂၅၀၀၊ ၃၀၀၀ ခန့် အသုံးပြုဖြတ်သန်းသွားလာလျက်ရှိနေပါတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာနက ဖောက်လုပ်ထားသော လမ်းများကို မီးရထားဝန်ကြီးဌာနက ဆောက်လုပ်ထားသော တံတားဖြင့် ဆက်သွယ်ထားခြင်းဖြစ်ပါတယ်။ ဒီနေ့အချိန်မှာတော့ ခရီးမိုင်အကွာအဝေးကွာဟနေခြင်း၊ အချိန်ကုန်သက်သာလာခြင်း၊ သွားလာရန်လွယ်ကူခြင်းတို့ကြောင့် ရေဦးမြို့နယ် မူးမြစ်ကူးတံတားကို ဖြတ်ပြီး ရေဦး-ရွှေဘို-မန္တလေးကားလမ်းကို ယခင်ကထက် ပိုမိုအသုံးပြုလာကြပါတယ်။ ယခင်က ထက် ပြည်သူများပိုမိုအသုံးပြုလာခြင်း၊ ကားကြီး၊ ကားငယ်အရေအတွက်နှင့် အသုံးပြုယာဉ်များ ပိုမို များပြားလာခြင်း၊ တံတားပေါ်မှာ လမ်းပိတ်ဆို့မှုမကြာခဏဖြစ်ခြင်း၊ တံတားအဝင် အထွက်များကို တစ်ဖက်နှင့်တစ်ဖက် စောင့်ကာသွားလာရခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတား တစ်စင်းဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ၁၈-၁-၂၀၁၇ ရက်နေ့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ခရီးစဉ်မှာလည်း ကျွန်တော်တင်ပြခဲ့ပါတယ်။ ဒါကြောင့် ရေဦးမြို့တွင် အဓိကအားထား အသုံးပြုလျက်ရှိသော ရေဦး-ရွှေဘို-မန္တလေးကားလမ်းမကြီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေဦးမူးမြစ်ကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောက်လုပ် ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းမှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် ရေဦး-ရွှေဘို-မန္တလေးကားလမ်းမှာ ရေဦးမူးမြစ်ကူးတံတားကို အသုံးပြုကြရပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားအသစ်တစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်သည့် ရေဦး-ခင်ဦး(မူးမြစ်ကူးတံတားချဉ်းကပ်လမ်း) မိုင် (၁/၃) နှင့် (၁/၇) အကြား ၂၁၂၅ ပေအရှည်ရှိ ၁၄ ပေ ၆ လက်မရှိသည့် မူးမြစ်ကူးမီးရထားတံတားကို ၁၉-၅-၁၉၉၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၉-၄-၂၀၀၀ ရက်နေ့တွင် ပြီးစီး၍ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအချိန်အထိ အသုံးပြုလျက်ရှိပြီးတော့ တစ်နေ့တာသွားလာသည့်ယာဉ်စီးရေမှာ ၅၀၀ ကျော်ရှိပါတယ်။

ယခင်ကထက် ပြည်သူများ ပိုမိုအသုံးပြုလာခြင်း၊ ကားကြီး/ကားငယ်အရေအတွက်နှင့် အသုံးပြုယာဉ်များ ပိုမိုများပြားလာခြင်း၊ တံတားပေါ်တွင်လမ်းပိတ်ဆို့မှု မကြာခဏဖြစ်ခြင်း၊ တံတားအဝင်အထွက်များကို တစ်ဖက်နှင့်တစ်ဖက် စောင့်ကာသွားလာနေရခြင်းတို့ မဖြစ်ပေါ်စေရန်အတွက် တံတားတစ်စင်းတည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ တိုင်းဒေသကြီးရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ သံကူကွန်ကရစ်တံတားတည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**နေပြည်တော်-ပန်းတင်-ချောင်းနက်လမ်းကို ယခုထက်ပိုမို၍ အန္တရာယ်ကင်းသော ကားလမ်းတစ်ခု ဖြစ်လာရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကိုမေးမြန်းလိုတာကတော့ နေပြည်တော်-ပန်းတင်-ချောင်းနက်လမ်းကို ယခုထက်ပိုမို၍ အန္တရာယ်ကင်းသော ကားလမ်းတစ်ခုဖြစ်လာရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေး ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။ အကြောင်းအကျိုးဖော်ပြချက်ကတော့ နေပြည်တော်-ပန်းတင်-ချောင်းနက်လမ်းဟာ ပဲခူးရိုးမကိုဖြတ်ရတဲ့ လက်ဝဲဘက်ကားလမ်းမဖြစ်ပါတယ်။ ခုနတုန်းက မင်းဘူးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းတင်ပြခဲ့တာကတော့ မြောက်ဘက်က လက်ယာဘက် လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်-ပန်းတင်-ချောင်းနက်လမ်းဟာ အလွန်တရာ အကောက် အကွေ့များလှပါတယ်။ ချောက်ကမ်းပါးကြီးများပေါ်မှာ တောင်များကို ကွေ့ပတ်ပြီးတော့ ဖောက်လုပ် ထားတဲ့ ယခင်က သစ်ထုတ်လုပ်ရေးလမ်း ဖြစ်ခဲ့ပါတယ်။ မိုးတွင်းကာလမှာ တောင်ပြိုခြင်း၊ ကမ်းပါးယံ ကြီးများပြိုကျခြင်းစသည်တို့ကြောင့် လမ်းပိတ်ဆို့မှုများ မကြာမကြာဖြစ်တတ်ပါတယ်။ အချို့နေရာများ မှာ လုံလောက်တဲ့အကာအရံများ လမ်းဘေးဖြူ နီကြားတိုင်များ စိုက်ထူထားသော်လည်းပဲ လုံလောက် မှုမရှိသေးတာကို တွေ့ရပါတယ်။ တစ်စုံတစ်ခုဖြစ်လို့ရှိရင် လမ်းဘေးမှာ ပေတစ်ရာခန့်နက်တဲ့ချောက် ကြီးများထဲကို ကားတစ်စင်းလုံး ပြုတ်ကျသွားနိုင်ပါတယ်။ ကျေးဇူးပြု၍ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါဟာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအဝင် နယ်စပ်ဖြစ်ပါတယ်။ ပဲခူးရိုးမပေါ်မှာ ဖြစ်ပါတယ်။ တောင်ပြိုပြီးတော့ လမ်းဘေးမြေပြိုထားတာနဲ့ လက်ယာဘက်က ကားလမ်းဘယ်လောက် နီးကပ်နေတယ်ဆိုတာ မျက်မြင်ဖြစ်ပါတယ်။ ပေတစ်ရာခန့်နက်တယ်ဆိုတဲ့ ချောက်ကြီးများကို ကျွန်တော် သက်သေပြခြင်းဖြစ်ပါတယ်။ ကားလမ်းနှင့်ကပ်လို့ပါ။ အဲဒါ တောင်များ ပြိုထားတဲ့အတွက်ကြောင့် ပြီးခဲ့တဲ့နှစ်က ဆောက်လုပ်ရေးက ပြန်လည်ပြီး ပြင်ဆင်ထားတဲ့နေရာမှာ အခုအချိန်မှာ လမ်းကတော့ ဘေးကတောင်ပြိုထားတဲ့ကြားထဲမှာ လမ်းတော့ရှိပါတယ်။ သို့သော်လည်း ကတ္တရာ မခင်းရသေးတဲ့အတွက်ကြောင့် မိုးများတဲ့အချိန်မှာ အလွန်တရာ လမ်းချော်ပြီးတော့

ကားများတိမ်းချော်ပြီး ဘေးကိုကျသွားနိုင်တဲ့အခြေအနေရှိပါတယ်။ တိုင်များလည်းကြည့်ပါ။ ကျွန်တော်တို့မျက်မြင်ကိုယ်တွေ့ပါ။ သစ်သားတိုင်တွေပဲဖြစ်ပါတယ်။ အဲဒီမှာကျတော့လည်း ဖြစ်သလိုလေး လုပ်ထားတဲ့ မြေသားလေးတွေနဲ့ လမ်းဘေးကချောက်ကြီးများရှိတာကို တွေ့မြင်နိုင်ပါလိမ့်မယ်။ အကောက်အကွေ့ကိုလည်း မြင်နိုင်ပါလိမ့်မယ်။ လမ်းဦးစီးဌာနက အားကြိုးမာန်တက်လုပ်ဆောင်လျက်ရှိပါတယ်။ ဤကဲ့သို့ လမ်းဘေးမှတ်တိုင်များ ရှိသော်လည်းပဲ ရှိတဲ့နေရာရှိ၊ မရှိတဲ့နေရာမရှိနဲ့ လိုအပ်ချက်လေးတွေ ရှိနေပါသေးတယ်။ ကျွန်တော်တို့ ဘေးကကပ်နေတဲ့တောင်တန်းကြီး ဖြစ်ပါတယ်။ တောင်ကမ်းပါးယံကြီးဖြစ်ပါတယ်။ ဒီကမ်းပါးယံကြီးများဟာ အပေါ်ကအချိန်မရွေး ပြိုကျလာမယ်ဆိုလို့ရှိရင် အနီးမှာကပ်နေတဲ့ ကားပေါ်ကိုပြုတ်ကျလာနိုင်စရာအကြောင်းရှိပါတယ်။ ကျွန်တော်တို့ ဒါ ပြီးခဲ့တဲ့နှစ်က တောင်ပြိုတဲ့အတွက်ကြောင့်မို့လို့ လမ်းဦးစီးဌာနက အားကြိုးမာန်တက်ပြင်ထားတာမို့ လမ်းဘေးကချောက်က ဟိုဘက်မှာအများကြီးကျယ်ပါတယ်။ သို့သော်လည်းပဲ လမ်းဘေးအန္တရာယ်ကို တားဆီးတဲ့တိုင်ကတော့ မြင်တဲ့အတိုင်းပါပဲ။ ခြောက်တိုင်ပဲရှိပါတယ်။ အဲဒါကျွန်တော်တို့ လမ်းဘေးချောက်နဲ့ ဘယ်လောက်ကပ်နေတယ်။ အဲဒါကျွန်တော် မနေ့တနေ့ကမှ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ မိုးတွေတအား ရွာနေတဲ့အချိန်မှာ ဒီဘက်ကချောက်ဘယ်လောက်နက်တယ်ဆိုတာနဲ့ လမ်းအကျယ်က ၁၂ ပေခန့်ပဲ ရှိပါတယ်။ ကျွန်တော်တို့ တောင်ပြိုထားတာတွေ ဖြစ်ပါတယ်။ ကမ်းပါးယံတွေပြိုထားတာဖြစ်ပါတယ်။ အနည်းဆုံး ပေတစ်ရာနီးပါးလောက်နက်တဲ့ ချောက်ကြီးများဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သွားလာကြတဲ့သူများဟာ စွန့်စားခန်းတစ်ခုကဲ့သို့ သွားလာနေရတာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ ဒီလမ်းကိုအသုံးပြုပြီးတော့ မကွေးတိုင်းဒေသကြီးရဲ့တောင်ဘက်ခြမ်းမြို့များဖြစ်ကြတဲ့ တောင်တွင်းကြီး-ဆင်ပေါင်ဝဲ-အောင်လံ-သရက်-ကမ္မ-မင်းတုန်းမြို့များသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမြောက်ခြမ်းမှာဖြစ်ကြတဲ့ ပြည်-ပေါက်ခေါင်း-ပေါင်းတလယ်-ပေါင်းတည်-သဲကုန်း-ပုတီးကုန်း-ရွှေတောင်-ပန်းတောင်းမြို့များသို့လည်းကောင်း သွားရတာဖြစ်ပါတယ်။ ပြည်မင်းသား၊ ကျော်၊ နယူးအောင်လံ၊ အောင်လံမိုး၊ တော်ဝင်၊ ဇာနည်အောင်၊ မြရတနာစတဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကားများ၊ တပ်မတော်ကားများ၊ ဆီ Boxer ကားများ၊ ဝါးကားများ၊ အုတ်ကားများ တစ်နေ့လျှင် ယာဉ်အစီးရေ ၁၀၀ နီးပါးမောင်းနှင်အသုံးပြုနေပါတယ်။ ထို့အပြင် နေပြည်တော်ကို အစိုးရကိစ္စနှင့်လာကြရတဲ့ဝန်ထမ်းများ၊ တပ်မတော်သားများ သွားလာအသုံးပြုနေတဲ့လမ်းဖြစ်ပါတယ်။ အခုလည်း လမ်းဦးစီးဌာနက အားကြိုးမာန်တက်ဆောင်ရွက်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ သို့သော်လည်းပဲ လိုအပ်ချက်ကတော့ များစွာရှိနေပါသေးတယ်။ တောင်တွင်းကြီးဘက်အခြမ်းမှာတော့ တိုးတက်မှုများစွာရှိနေသော်လည်းပဲ တကယ့်

နေပြည်တော်ဥတ္တရသီရိမြို့နယ်ဘက်မှာ ကျမှ မိုင် ၄၀ ကနေ မိုင် ၃၀ ခန့်အတွင်းမှာ လိုအပ်ချက်တွေရှိနေပါသေးတယ်။ ဒါကြောင့်မို့လို့ နေပြည်တော်ရဲ့ အုပ်ချုပ်ရေးမြို့တော် အဝင်ပေါက်၊ အနောက်ဘက်ဝင်ပေါက်လမ်းဖြစ်တဲ့ ဒီလမ်းကို ပိုမိုပြီးတော့ အန္တရာယ်ကင်းတဲ့လမ်းဖြစ်အောင် ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းမှ မေးမြန်းထားတဲ့ နေပြည်တော်-ပန်းတင်-ချောင်းနက်လမ်းကို ယခုထက်ပိုမို၍ အန္တရာယ်ကင်းသောကားလမ်းတစ်ခုဖြစ်လာရေးအတွက် လိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးသို့ ဆက်သွယ်ထားတဲ့လမ်း ဖြစ်ပါတယ်။ နေပြည်တော်၊ ပျဉ်းမနားမြို့ မိုင်(၀/၀)မှအစပြု၍ ချောင်းနက်အထိ ၆၆ မိုင် ၂ ဖာလုံအရှည်ရှိပြီးတော့ နေပြည်တော်အပိုင်းမှာ ၄၄ မိုင် ၂ ဖာလုံပါဝင်ပါတယ်။ မိုင်တိုင်(၄၄/၂)မှ(၆၆/၂)ထိ ၂၂ မိုင်အပိုင်းမှာ မကွေးတိုင်းအပိုင်းဖြစ်ပြီးတော့ တောင်တွင်းကြီးမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်ကောင်စီအပိုင်းမှာ မိုင်(၀/၀)မှ(၁၂/၀)အထိ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မိုင်(၁၂/၀)မှ(၄၄/၂)(နယ်စပ်)အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်အထိ လမ်းအခြေအနေကတော့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရတဲ့ လမ်းအပိုင်း၌ မိုင်(၁၂/၀)မှ(၁၇/၄)အထိ ၅ မိုင် ၄ ဖာလုံမှာ ၄၈ ပေအကျယ်ကတ္တရာလမ်း၊ မိုင်(၁၇/၄)မှ(၂၅/၄)အထိ ၈ မိုင်မှာ ၂၄ ပေအကျယ် ကွန်ကရိလမ်း၊ မိုင်(၂၅/၄)မှ(၂၉/၄)အထိ ၄ မိုင်မှာ ၁၈ ပေအကျယ်ကတ္တရာလမ်းနှင့် မိုင် ၂၉/၄ မှ ၄၄/၂ အထိ ၁၄ မိုင် ၆ ဖာလုံမှာ ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် ပါဝင်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သောနေရာများတွင် ၁၈ ပေအကျယ်

ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံခဲ့သော်လည်း ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမရရှိခဲ့ပါသဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော် ကောင်စီအပိုင်းမှာ မိုးဒဏ်ကြောင့် လမ်းတာပေါင်ပြိုကျပျက်စီးခြင်းများကိုလည်း ပြည်ထောင်စု (မိုးဒဏ်)အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် မျောခရစ်ရိုက်၍ လမ်းတာဘောင်ပြုပြင်ခြင်း၊ Guard Post များစိုက်ထူပေးခြင်း၊ ရေစီး ရေလာကောင်းစေရန် လမ်းဘေးရေမြောင်းတူးပေးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မိုင် (၃၃/၄)မှ မိုင်(၄၄/၁)အတွင်း ကျောက်ရိုးစီမြေထိန်းနံရံ ခုနစ်ခုအား ဆောင်ရွက်နိုင်ရန်နှင့် ခွင့်ပြု ရန်ပုံငွေဖြင့် ကတ္တရာလမ်းမူလ ၁၂ ပေမှ ၁၈ ပေအကျယ် ချဲ့ခြင်း လုပ်ငန်း မိုင်(၂၉/၄)မှ (၃၄/၂)အထိ ၄ မိုင် ၆ ဖာလုံအရှည်နှင့် လိုအပ်သောနေရာများတွင် အကာအကွယ်သံတန်း(Guard Rail)များ တပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ထားရှိပြီးတော့ ပွင့်လင်းရာသီမှာ စတင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈ ပေအကျယ် လမ်းချဲ့ရန်ကျန်ရှိနေတဲ့ မိုင်တိုင် ၃၄/၂ မှ ၄၄/၂ အထိ ၁၀ မိုင်အတွက် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု ငွေလုံး ငွေရင်းရန်ပုံငွေတို့ဖြင့် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ခေါင်လန်ဖူးမြို့နယ်၊ မငွေဇ-ဆန်းဝါ-ဒဟပ်-ငါ့လုံဒမ်း-ညီးဝါကောင်နှင့် ခေါင်လန်ဖူးလမ်းကို အားထားနေ ရသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားလူငယ်များ ခရီးသွားလာရေး လွယ်ကူစေရန် ဒဟပ်ဘိုတဲနှင့် ခေါင်လန်ဖူးမြို့အကြား လမ်းတံတားပျက်စီးမှုအား ပြုပြင်ထိန်းသိမ်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ

အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူးမြို့နယ်၏ မျက်နှာစာလမ်းဖြစ်သည့် ငါ့လိုဒမ်းမှ ခေါင်လန်ဖူးမြို့နယ်ကြား သွားလာရခက်ခဲတဲ့ လမ်းတံတားများအတွက် ပြုပြင်ထိန်းသိမ်းစရိတ်ချပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တည်ရှိပြီးတော့ ခရိုင်ရုံးစိုက်ရာ ပူတာအိုမြို့မှ မိုင်ပေါင်း ၁၃၀ ကျော်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် များစွာနောက်ကျကျန်နေသည့် မြို့နယ်ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၈၀ ပေ တည်ရှိပြီး ၂၀၈၁.၃၉ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ယခုအခါ ပူတာအိုမှ နောင်မွန်းအထိ ကားများသွားလာနိုင်ပြီဖြစ်သော်လည်း မဂွေဇ လမ်းခွဲမှ ခေါင်လန်ဖူးမြို့နယ်အထိ လမ်းပိုင်းများမှာ သွားလာရခက်ခဲသည့်ဒေသဖြစ်ပါတယ်။ သို့သော် ယခုအခါ အဆိုပါလမ်းပိုင်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် တာဝန်ယူဖောက်လုပ်နေသည့်အတွက် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း ကားများသွားလာနိုင်မည်လို့ မျှော်လင့်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ဒီဟာကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖောက်လုပ်နေသည့်လမ်းအပိုင်းဖြစ်ပါတယ်။ ဒီဟာလည်း အတူတူပါပဲ။ ဒီဟာက သွားလာရခက်ခဲတဲ့၊ မြေပြိုနေတဲ့ဒေသဖြစ်ပါတယ်။ ဒီဟာလည်း အတူတူပါပဲ။ ဒီဟာတွေက သွားလာရခက်ခဲတဲ့အချိန်ကျတော့ ဒီလမ်းကိုအသုံးပြုနေရတဲ့အတွက် သွားလာရပြတ်တောက်နေတဲ့ လမ်းပိုင်းလေးတွေဖြစ်ပါတယ်။ ဒီဟာတွေက ဒေသခံပြည်သူတွေနဲ့ ဌာနဆိုင်ရာပူးပေါင်းပြီးဆောင်ရွက်နေရတဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ ဒီဟာတွေက ပြုပြင်ရန်လိုအပ်နေတဲ့ တံတားလေးတွေဖြစ်ပါတယ်။ ပျက်စီးနေတဲ့လမ်းအပိုင်းလေးတွေဖြစ်ပါတယ်။ ပြုပြင်ရန်လိုအပ်တဲ့ တံတားလေးတွေဖြစ်ပါတယ်။ ဒါတွေက ပြုပြင်ရန်လိုအပ်နေသေးတဲ့ လမ်းပိုင်းလေးတွေဖြစ်ပါတယ်။ ဒီဟာလေးတွေက ဒေသခံပြည်သူတွေက တစ်နိုင်တစ်ပိုင်ဖောက်လုပ်နေတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ဒီဟာတွေက လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသ၊ သွားလာရခက်ခဲသော၊ ရိက္ခာကို မိုင် ၂၀၊ ၃၀ လောက်ကနေ တောင်ကြီးတွေကို ဖြတ်ကျော်ပြီးမှ ထမ်းလာနေရတဲ့ပုံတွေဖြစ်ပါတယ်။ ဒီဟာတွေက ပွင့်လင်းရာသီနဲ့ မိုးတွင်းမှာ လားကို အသုံးပြုပြီးမှ ရိက္ခာတွေကို ဌာနဆိုင်ရာဝန်ထမ်းတွေရော၊ ဒေသခံပြည်သူတွေရော အားလုံးအကုန် ရိက္ခာပို့နေတဲ့

လမ်းပိုင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်ဟာ နာမည်နဲ့လိုက်သလား လို့တောင်မှ ထင်ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အစစအရာရာအားလုံး ခေါင်ခိုက်လို့နေပါတယ်။ ထို့အတူ မဝွေဇ-ဆန်းဝါ-ဒဟပ်-ငါ့လုံဒမ်း-ညီးဝါကောင်နှင့် ခေါင်လန်ဖူးလမ်းအပိုင်း ၆၅ မိုင် ၄ ဖာလုံရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ်လျာထားဆောင်ရွက်ပေးနေသော်လည်း မိုးများပြီး ရာသီဥတုဆိုးရွားမှုကြောင့် လမ်းများ၊ တံတားများ ပျက်စီးနေသည်ကို တွေ့ရှိရပါတယ်။ အဆိုပါလမ်းသည် ခေါင်လန်ဖူးမြို့၏မျက်နှာစာလမ်းဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ မိဘပြည်သူများ၊ ကျောင်းသူကျောင်းသားများ၊ အားကိုးအားထားရာလမ်းဖြစ်သည့်အပြင် လုပ်ငန်းကိစ္စဆောင်ရွက်ရန် အတွက် နောင်မွန်းမြို့နယ်သို့လည်းကောင်း၊ ပူတာအိုမြို့နယ်သို့လည်းကောင်း ဆက်သွယ်သွားလာနေ ရသည့် အဓိကလမ်းဖြစ်ပါတယ်။ နိုင်ငံနှင့်အဝန်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းများဖောက်လုပ် ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ ထို့နည်းတူစွာ ခေါင်လန်ဖူးမြို့နယ်ကိုလည်း အခြားမြို့နယ်များနည်းတူ လူမှုဘဝ တိုးတက်မြင့်မားလာပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်အတွက် သက်ဆိုင်ရာမှ ကူညီ ပံ့ပိုးပေးစေလိုပါတယ်။ သို့မှသာ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု မျှတလာမှာဖြစ်ပါတယ်။ အဆိုပါ လမ်းကောင်းမွန်လာဖို့အတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် များစွာ မျှော်လင့်နေသည့်လမ်းများဖြစ်ပါတယ်။ ထို့ကြောင့် နှစ်စဉ်ဘဏ္ဍာငွေလျာထားဆောင်ရွက်ပေးသည့် အတိုင်း အဆိုပါလမ်းအပိုင်းဖြစ်သည့် ငါ့လုံဒမ်းမှ ခေါင်လန်ဖူးကြား သွားလာရခက်ခဲသည့် လမ်းတံတားပြုပြင်ထိန်းသိမ်းစရိတ်ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအာမိုးဆီမှ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ မဝွေဇ- ဆန်းဝါ-ဒဟပ်-ငါ့လုံဒမ်း-ညီးဝါကောင်နှင့် ခေါင်လန်ဖူးလမ်းကို အားထားနေရသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားလူငယ်များ ခရီးသွားလာရေးလွယ်ကူစေရန် ဒဟပ်ဘိုတဲနှင့် ခေါင်လန်ဖူးမြို့အကြား လမ်းတံတားပျက်စီးမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့

ဆောက်လုပ်ရေးဦးစီးဌာနမှ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ မဝွေဇ-ဆန်းဝါ-ဒဟပ်-ငါ့လုံဒမ်း-ညီးဝါကောင်နှင့် ခေါင်လန်ဖူးလမ်းဟာ လမ်းဦးစီးဌာနပိုင်လမ်း ရပ်ဘော့-ငါ့လုံဒမ်း-ခေါင်လန်ဖူးလမ်း ဖြစ်ပါတယ်။ လမ်းအရှည် ၆၅ မိုင် ၄ ဖာလုံရှိပြီး ၃၁-၃-၂၀၁၇ ရက်နေ့ရှိ လမ်းအမျိုးအစားမှာ ၁၂ ပေ အကျယ်ကျောက်လမ်း တစ်မိုင်၊ ၆ ပေ အကျယ်မြေသားလမ်း နှစ်မိုင်၊ ၁၂ ပေအကျယ် မြေသားလမ်း ၆၂ မိုင် ၄ ဖာလုံဖြစ်ပါတယ်။ တံတားများအနေနဲ့ကတော့ ဘေလီတံတားတစ်စင်း၊ ကွန်ကရစ်တံတားခြောက်စင်း၊ လူကူး/လားကူးတံတား ၆၉ စင်း၊ ၆ ပေအကျယ် ၁၈၀ ပေအောက်ကြိုးတံတားခုနစ်စင်း၊ ၆ ပေအကျယ် ၁၈၀ ပေအထက်ကြိုးတံတားသုံးစင်း စုစုပေါင်း တံတား ၈၆ စင်းရှိပါတယ်။ ရပ်ဘော့-ငါ့လုံဒမ်း-ခေါင်လန်ဖူးလမ်းဟာ လူများ/လားများသာ သွားလာနိုင်တဲ့လမ်းဖြစ်ပြီးတော့ ပွင့်လင်းရာသီတွင် မဝွေဇစခန်း မိုင်တိုင်(၀)မှ ငါ့လုံဒမ်းစခန်း ၂၅ မိုင် ၄ ဖာလုံ အထိနှင့် ထလားလော်ရွာ မိုင်(၅၄/၀)မှ ခေါင်လန်ဖူးမြို့ ၆၅ မိုင် ၄ ဖာလုံအထိသာ မော်တော်ဆိုင်ကယ်များသွားလာနိုင်ပါတယ်။

ရပ်ဘော့-ငါ့လုံဒမ်း-ခေါင်လန်ဖူးလမ်း(နောင်မွန်းမြို့နယ်အပိုင်း)အား နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်တိုင်(၀/၀) မဝွေဇစခန်းမှ မိုင်(၂၅/၄) ငါ့လုံဒမ်းစခန်းအထိ(ဒဟပ်ဘိုတဲ ၁၆ မိုင် ၆ ဖာလုံ အပါအဝင်) ၂၅ မိုင် ၄ ဖာလုံအား ၂၈ ပေအကျယ် မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ရေပြွန်များ ဆောက်လုပ်ရန် ရန်ပုံငွေရရှိထားပြီးတော့ ၂၆-၁၂-၂၀၁၆ ရက်နေ့မှစပြီးတော့ လပြည့်ဝန်းကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ တစ်ကြောင်းထိုးဖောက်လုပ်ခြင်းလုပ်ငန်းမှာ ငါ့လုံဒမ်းစခန်းအနီးသို့ ရောက်ရှိနေပြီဖြစ်ပြီး ၎င်းလမ်းတစ်လမ်းလုံးအား နယ်စပ်ရေးရာဝန်ကြီးဌာနရန်ပုံငွေဖြင့် ဆက်လက်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မဝွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံကို ဆောင်ရွက်ရန်အတွက် စီမံချက်ရေးဆွဲထားပြီး မဝွေဇ-ငါ့လုံဒမ်းအပိုင်း ၂၅ မိုင် ၄ ဖာလုံသည် ယခုဘဏ္ဍာရေးနှစ်တွင် လမ်းဖောက်လုပ်ခြင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ယခုအချိန်အထိ တစ်ကြောင်းထိုးလမ်းဖောက်လုပ်ပြီးဖြစ်ပါတယ်။ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငါ့လုံဒမ်းမှ ရီဒမ်းအထိ ၁၉ မိုင် အပိုင်းအား ဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရီဒမ်း-ခေါင်လန်ဖူးလမ်းပိုင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ သုံးနှစ်

အတွင်းမှာ ကားလမ်းဖောက်လုပ်ရန် စီမံချက်ရေးဆွဲထားကြောင်း သိရှိရပါတယ်။ ရပ်ဘော့-ငါ့လုံဒမ်း-ခေါင်လန်ဖူးလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှတာဝန်ယူပြီး စီမံချက်ချဖောက်လုပ်နေပြီဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနမှ ရန်ပုံငွေထည့်သွင်းလျာထားခြင်းမရှိပါသော်လည်းပဲ တောင်ပြိုမြေဖယ်ရှားခြင်း၊ ကြိုးတံတားများ ပြုပြင်ထိန်းသိမ်းခြင်း၊ ခြုံခုတ်တောရှင်းခြင်းစသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ မဆောင်ရွက်သေးသောအပိုင်းများအား ပြည်နယ်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေခွင့်ပြုပြီးတော့ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၀-၇-၂၀၁၇ ရက် တနင်္လာနေ့ ညနေ(၄)နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းသူကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ယခု လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနဲ့ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အတွင်းရေးမှူး၊လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူး အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်

ဖြစ်ပါတယ်။ ကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့(၂၇)ရက်မြောက်နေ့ဖြစ်တဲ့ ၇-၇-၂၀၁၇ ရက်နေ့မှာ လွှတ်တော်သို့တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှသဘောတူလက်ခံ၍ မှတ်တမ်းတင်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၀-၇-၂၀၁၇ ရက်တနင်္လာနေ့ ညနေ(၄)နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့သော်လည်းအမည်စာရင်းတင်သွင်းသူကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခု ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနဲ့ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇင်မာအောင်(အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ရန်ကင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ကျွန်မတို့ကော်မတီရဲ့အစီရင်ခံစာကိုတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီအစီရင်ခံစာအပေါ်မှာ ဆွေးနွေးရန်ဖိတ်ခေါ်ခဲ့ပေမဲ့လည်း ဆွေးနွေးမယ့်ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာအစီရင်ခံတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကိုလွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ တာတမံဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ (၇-၇-၂၀၁၇ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၇-၂၀၁၇ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းလာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် (၂)ချက်ကိုသဘောတူသင့်ကြောင်းနဲ့ (၄)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ယခုအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၂)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးဇော်ဝင်းက တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တာတမံဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်သည့် ၃၀-၅-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်မှ ၃-၇-၂၀၁၇ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ဖြစ်သည့် ၇-၇-၂၀၁၇ ရက်နေ့(သောကြာနေ့)တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၁-၇-၂၀၁၇ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ်မှ ပြင်ဆင်ချက်အဆိုတင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၂-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏

သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ဖော်ပြပါအချက်(၂)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၂)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

[အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(က) |
| (ခ) | ၂ | ၅ | အပိုဒ် ၂၆ |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၂)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့် ၎င်းဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်(၁)ချက်ကို တင်ပြဖို့ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁)ချက်ရှိပြီး တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍

ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

[ပြည်သူ့လွှတ်တော်ရဲ့ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|
| ၁ | ၂ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်(၁)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းသဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်(၁)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်တီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့ အချက်(၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီက ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့် အချက်(၃)ချက်ရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်(၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

[ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်(၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ | ၃ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) |
| (ခ) | ၂ | ၄ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(ည) |
| (ဂ) | ၃ | ၆ | အပိုဒ် ၂၈ |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်သုံးချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သောတာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက်(၄)ချက်ကို သဘောမတူကြောင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကတင်သွင်းသော တာတမံဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်း အဝေးရဲ့ ဆဋ္ဌမနေ့ဖြစ်တဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး နောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှလည်း ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် အမျိုးသားလွှတ်တော်မှ ပြည်သူ့ လွှတ်တော်သို့ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင် ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁)ချက် နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်(၃)ချက် စုစုပေါင်း အချက်(၄)ချက်တို့သည် ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်(၄)ချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ် ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် များဖြင့် ပြန်လည်ပေးပို့လာသော တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောမတူဘဲ သဘောထားကွဲလွဲသည့် (၄)ချက်ကို ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အဆုံးအဖြတ်ရယူသင့်ကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က)အရ တင်သွင်းသွားသောအဆိုအား ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးနေမျိုးထွန်းက အလေးအနက်ထောက်ခံအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၄)ချက်နှင့်ပတ်သက်ပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တာတမံဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် (၄)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ (၁၂-၇-၂၀၁၇ ရက်နေ့)တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၇-၂၀၁၇ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၂)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေ ကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းက တင်သွင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၀-၆-၂၀၁၇ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၇-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ဖြစ်သည့် (၁၂-၇-၂၀၁၇ ရက်) ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၄-၇-၂၀၁၇ ရက်နေ့ (သောကြာနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြင်ဆင်ချက်အဆို တင်သွင်းလာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သည့် အဆိုပြုပြင်ဆင်ချက်များအနက် အချက်(၂) ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ | ၂ | အပိုဒ် ၁ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၂)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ။ ဦးဘရှိန်ပြင်တဲ့ဟာ မဟုတ်သေးဘူးနော်။ ပထမနှစ်ချက်ကိုပြောတာ။ ဦးဘရှိန်ပြင်တဲ့ (၁)ချက်က နောက်မှ လာမှာ။ ပထမ (၂)ချက်ကိုပြောတာ။ အခု (၂)ချက်ကိုပါ မတူတာလား။ မတူရင်ပြောပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော် တင်ပြချင်လို့ပါ။

**ဥက္ကဋ္ဌ**။ ။ ပြောပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဒီဥပဒေပြင်ဆင်မှုနှင့်ပတ်သက်ပြီးတော့ အပိုဒ် ၂ ကို ပြင်ဆင်ဖို့ မသင့်ဘူးလို့ပြောတယ်။ ပြီးတော့ အပိုဒ် ၂ ကို ခွင့်မပြုတဲ့အတွက် ဒီဥပဒေကိုလည်း လက်မခံသင့်ဘူးဆိုပြီးတော့ ကျွန်တော်က ပြင်ဆင်ချက်အဆိုတင်ထားတဲ့အတွက်ကြောင့် ဒီ အခု အတည်ပြုလိုက်တဲ့ (၁)ရယ်၊ (၂)ရယ်တို့ကို အတည်ပြုလိုက်လို့ရှိရင် နောက်ဟိုဘက်အပိုင်းမှာ ဆက်အလုပ်လုပ်တဲ့အခါ အခက်အခဲတွေရှိနိုင်တဲ့အတွက်ကြောင့် ထပ်ပြီးတော့ တင်ပြတာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၂)ချက်နဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်မှာဖြစ်ပါတယ်။ ထောက်ခံသူများပါက အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၂)ချက်ကို အတည်ပြုမှာဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၂)ချက်ကို အတည်မပြုကြောင်းဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၄၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၀၂ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၀ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၂)ချက်ကို ဤဥပဒေကြမ်း၏အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်တို့က ပြင်ဆင်ချက်(၁)ချက်အား ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၂ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်အား ဖိတ်ခေါ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလွှတ်တော်သို့ တင်သွင်းထားတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဥပဒေကြမ်းမှာ ပြင်ဆင်ချက်ဇယားပေးတုန်းက ဆွေးနွေးလိုတဲ့အကြောင်းအရာတွေကို ကျွန်တော်တို့ဖော်ပြပါတယ်။ ဆွေးနွေးလိုတဲ့အကျဉ်းချုပ်ကလည်း ပြင်ဆင်သည့်ဥပဒေအပိုဒ် ၂ ကို ပယ်ဖျက်ရန်ဆိုပြီးတော့ ပြင်ဆင်ပါတယ်။ ဘာကြောင့်ပြင်ဆင်ရသလဲဆိုတဲ့အကြောင်းပြချက်တွေကို ဆက်လက်ပြီးတော့ ကျွန်တော်တင်ပြပါမယ်။ အဲဒီလို ပြင်ဆင်တဲ့ဥပဒေကို လက်မခံဘဲနဲ့ မူလဥပဒေ

အတိုင်းသာထားရှိမယ်ဆိုရင် အခု တင်သွင်းတဲ့ တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကိုလည်း လွှတ်တော်ကြီးက လက်ခံဆောင်ရွက်ရန်မလိုတဲ့အတွက်ကြောင့် ဒီဥပဒေကို လက်မခံသင့်ကြောင်း ဆိုတာကိုပါလည်း ကျွန်တော်က တစ်ပါတည်း ဒီလွှတ်တော်ကို တင်ပြတုန်းက တင်ပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Bill က Private Bill အနေနဲ့ အမျိုးသားလွှတ်တော်မှာ တင်သွင်းလာတဲ့ ဥပဒေကြမ်းဖြစ်တာကို တွေ့ရပါတယ်။ ဒီဥပဒေမှာ အပိုဒ်နှစ်ပိုဒ်ပါရှိပါတယ်။ ပြင်ဆင်ဖို့တင်ပြထားတဲ့ စကားရပ်က အသက် ၇၅ နှစ်ထက်မကြီးသူ။ မူလဒီဥပဒေရဲ့ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)မှာရှိတဲ့ အသက် ၇၀ ထက် မကြီးသူဆိုတဲ့စကားရပ်ကို အသက် ၇၅ နှစ်ထက်မကြီးသူဆိုပြီးတော့ အစားထိုးပြင်ဆင် လိုကြောင်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဘာကြောင့် ဒီလိုပြင်ဆင်သလဲဆိုတာ သိရှိရအောင် ဥပဒေပြင်ဆင်ချက်တင်သွင်းတဲ့ရည်ရွယ်ချက်ကို ဖတ်ကြည့်လိုက်တဲ့အခါ နှစ်ချက်တွေ့ရပါတယ်။ အဲဒါ ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်လုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ နောက်တစ်ချက်ကတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် ကော်မရှင်၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အသက်အရွယ် ကန့်သတ်ချက်ကို တိုးမြှင့်ပြင်ဆင်ခြင်းဖြစ်ပါသည်ဆိုပြီးတော့ ဖော်ပြပါရှိတာတွေ့ရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၉ မှာ ပုဒ်မခွဲ သုံးခုပါရှိပါတယ်။ အဲဒီမှာဖော်ပြထားတာကတော့ ကော်မရှင်အဖွဲ့ဝင်အသီးသီးတို့ရဲ့ အရည်အချင်း တွေကို ဖော်ပြထားတဲ့အချက်သုံးချက်ဖြစ်ပါတယ်။ မူလဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)မှာ အသက် ၄၅ နှစ် ပြည့်ပြီး အသက် ၇၀ ထက်မကြီးသူဟုဆိုပြီးတော့ ဒီအဖွဲ့ဝင်တွေရဲ့အသက်ကန့်သတ်ချက်ကို ဖော်ပြ ထားပါတယ်။ အခုဥပဒေပြဋ္ဌာန်းရတဲ့ ပြင်ဆင်ချက်ဥပဒေတင်သွင်းရတဲ့ရည်ရွယ်ချက်ကို ကျွန်တော်တို့ လိုက်ကြည့်တဲ့အခါ ရည်ရွယ်ချက်နဲ့ဥပဒေပြဋ္ဌာန်းချက်ဟာ ကိုက်ညီမှုမရှိတာ တွေ့ရပါတယ်။ ဘယ်လုပ်ငန်းကိုပဲဖြစ်ဖြစ် လုပ်ငန်းကို ထိထိရောက်ရောက် အောင်အောင်မြင်မြင်လုပ်ကိုင်စေချင်ရင် ဒီလူပုဂ္ဂိုလ်ရဲ့အရည်အချင်းရယ်၊ ဒီပုဂ္ဂိုလ်ကို ဘယ်လောက်ထိလုပ်ပိုင်ခွင့်ပေးထားသလဲဆိုတဲ့အပေါ် မှာ မူတည်တာဖြစ်ပါတယ်။ ဥပဒေပြင်ဆင်လိုတဲ့အကြောင်းပြချက်နဲ့ အသက်အရွယ်ကန့်သတ်ချက် တိုးမြှင့်ပေးဖို့ဆိုတာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ဆိုင်တယ် လို့ ကျွန်တော့်အနေနဲ့မတွေ့ရှိရပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အသက် ၆၀ ပြည့်ရင် ပြည်သူ့ဝန်ထမ်းတွေကို ပင်စင်ပေးပါတယ်။ အနားပေးပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရား သူကြီးတွေကိုလည်း အသက် ၇၀ ထိပဲ တာဝန်ထမ်းဆောင်ခွင့်ပေးထားပါတယ်။ ဒီပညာရှိကြီး

ကို အသက် ၇၀ ထိပဲတာဝန်ပေးထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်အတွေ့အကြုံတွေအရ ဥက္ကဋ္ဌကြီးအပါအဝင် လွှတ်တော်အကြီးအကဲတွေ ကျွန်တော်တို့ကို အခါအားလျော်စွာ လမ်းညွှန်မှာကြားတာ တွေရှိပါတယ်။ အဲဒါတွေကတော့ ဥပဒေတစ်ခုပြဋ္ဌာန်းတယ်ဆိုတာ နိုင်ငံတော်နှင့်နိုင်ငံသားတွေအတွက် လိုအပ်ချက်အရ ပြဋ္ဌာန်းရတတ်တယ်လို့ လမ်းညွှန်မှုပါဝင်ပါတယ်။ အခုပြင်ဆင်ချက်တင်သွင်းတဲ့အချက်ကတော့ အဲဒီအချက်တွေနဲ့ကိုက်ညီတာ မတွေ့ရပါဘူး။ နိုင်ငံသားတွေအတွက် ပိုပြီးတရားမျှတစေချင်လို့လား ဒါလည်းရှာမတွေ့ပါဘူး။ ဒါမှမဟုတ် စီမံခန့်ခွဲသူတွေအတွက် စီမံခန့်ခွဲမှုလုပ်ငန်း ပိုမိုထိရောက်စေချင်လို့လားဆိုတာ ဒါလည်းမတွေ့ပါဘူး။ ဒါကြောင့် ဥပဒေကြမ်း အပိုဒ် ၂ မှာ ဖော်ပြခဲ့တဲ့ မူလဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ရန်မလိုအပ်ပါဘူး။ ဒီလိုပြင်ဆင်ရန် မလိုအပ်တဲ့အတွက်ကြောင့် ယခုလွှတ်တော်သို့တင်သွင်းထားတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်က လက်မခံသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

| **ပြင်ဆင်ရန်တင်ပြသူ** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်/အပိုဒ်ခွဲ** |
|---|---|---|---|
| ဥပဒေကြမ်းကော်မတီ<br>ဦးဘရှိန်<br>(ကျောက်ဖြူမဲဆန္ဒနယ်) | ၁ | ၃ | အပိုဒ် ၂ {ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ခြင်း} |

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီးဆွေးနွေးဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ဒီဥပဒေကြမ်း အပိုဒ် ၂ ပါ တင်ပြချက်များနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီ၏ သဘောထားများကို ပြန်လည်တင်ပြမှာပါ။ ကျွန်တော်က နောင်ချိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြစ်ပါတယ်။ ဒီတိုက်ဖျက်ရေးဥပဒေမှာ ကော်မတီအဖွဲ့ဝင်များဟာ အလွန်ပဲအရေးပါတဲ့နေရာမှာ

ရှိပါတယ်။ အဂတိလိုက်စားမှုဟာလည်း နိုင်ငံနှင့်အဝန်းဖြစ်ပွားနေတဲ့အမှုအခင်းများဖြစ်ပါတယ်။ ဒီနေရာမှာ ဒီလိုအဂတိတွေကို တိုက်ဖျက်ဖို့ဆိုလို့ရှိရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မတီများဟာ အဓိကနေရာက ပါဝင်ဆောင်ရွက်နေသူများဖြစ်ပါကြောင်း ပထမဦးစွာ တင်ပြလိုပါတယ်။ ဒီကော်မတီဝင်များရဲ့အဆင်းနဲ့အချင်း တစ်နည်းအားဖြင့်ပြောရင် စွမ်းရည်ပြည့်စုံမှသာ နိုင်ငံနှင့်အဝန်းဖြစ်ပေါ်နေတဲ့ အဂတိလိုက်စား မှုတိုက်ဖျက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာမှာဆိုလို့ရှိရင်တော့ ကျွန်တော်တို့က အမြဲတမ်းဆိုလေ့ရှိပါတယ်။ အဆင်းထက်အချင်း တစ်နည်းအားဖြင့် အရည်အချင်းစွမ်းရည်ဟာ ပိုပြီးတော့အရေးကြီးတယ်လို့ ကျွန်တော်တို့ သတ်မှတ်လေ့ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအောင်မြင်ဖို့ရာမှာဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မတီအဖွဲ့ဝင်များရဲ့ ဆောင်ရွက်နိုင်မှုအရည်အချင်းအပေါ်မှာ အများကြီးမူတည်ပါတယ်။ ကော်မတီဝင်များရဲ့ဆောင်ရွက်နိုင်မှုအရည်အသွေး တစ်နည်းအားဖြင့် စွမ်းရည်၊ တစ်နည်းအားဖြင့် အချင်းပြည့်ဝနေမှသာအောင်မြင်နိုင်တယ်လို့ ထပ်လောင်းပြီးတော့လည်း အသိပေးပါရစေခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဆင်းနဲ့အချင်းဆိုတာကို ခွဲခြားပြီး စိစစ်သုံးသပ်လေ့ရှိပါတယ်။ အဆင်းထက်အချင်းက ပို၍အရေးကြီးတယ်ဆိုတာလည်း ကျွန်တော်တို့ တင်ပြပြီးသားဖြစ်ပါတယ်။ အဆင်းဆိုတာကတော့ အပေါ်ယံမြင်တွေ့ရတဲ့ မြင်သာသိသာတဲ့အရာဖြစ်ပြီးတော့ အချင်းဆိုတာကတော့ တစ်ခဏဖြင့် မြင်တွေ့နိုင်တဲ့အရာမဟုတ်ဘဲ ကိစ္စတစ်ခုပြီးမြောက်အောင် စွမ်းဆောင်နိုင်တဲ့စွမ်းရည်ပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန် တင်ပြထားတဲ့ အသက်အရွယ်ဆိုတာက အဆင်းနဲ့အချင်းကို နှိုင်းယှဉ်လိုက်လို့ရှိရင် ဘယ်ဘက်ထဲမှာပါသလဲလို့ပြောရင် အဆင်းဘက်မှာပါပါတယ်။ အချင်းမဟုတ်ပါဘူး။ စွမ်းရည်လို့ ကျွန်တော်တို့ခေါ်တဲ့အချင်းပေါ့လေ။ သို့တည်းမဟုတ် အရည်အချင်းဟာ ဆန္ဒနှင့်အတွေ့အကြုံပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ တည်ဆောက်ရတာဖြစ်ပါတယ်။ လေ့လာဆည်းပူးရတဲ့အချိန်ကာလ ကြာရှည်တာနဲ့အမျှ အရည်အချင်းကောင်းများကို တည်ဆောက်နိုင်တယ်ဆိုတာကတော့ အငြင်းမထွက်တဲ့အကြောင်းအရာပါ။ အတွေ့အကြုံရင့်ကျက်ပြီး ကျွန်တော်တို့ စွမ်းရည်များသို့တည်းမဟုတ် အရည်အချင်းများနှင့် ပြည့်စုံတဲ့ကော်မတီဝင်များဟာ ကျန်းမာရေးကောင်းမွန်ပြီးပြည့်စုံနေပါက ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ရာ ကျွန်တော်တို့အဆင်းလို့သတ်မှတ်တဲ့ အသက်ရဲ့ကန့်သတ်ချက်လေးပြည့်စုံရုံသက်သက်မျှဖြင့် ထိုသူရဲ့ အရည်

အချင်းပြည့်ဝမှုကို တစ်နည်းအားဖြင့် စွမ်းရည်ကို မျက်ကွယ်ပြုပြီး အငြိမ်းစားပေးသင့်ပြီ မဟုတ်ပါ။ ထိုကဲ့သို့ အငြိမ်းစားလို့ပေးလိုက်မယ်လို့ပြောလို့ရှိရင် တန်ဖိုးရှိလှတဲ့စွမ်းရည်များ၊ အရည်အချင်းများကို နိုင်ငံတော်က စွန့်ပစ်လိုက်ရာရောက်တဲ့အပြင် တိုင်းပြည်ရဲ့ဘဏ္ဍာငွေကိုလည်း မလိုအပ်ဘဲနဲ့ ပိုမိုပြီးတော့ ကျခံစေရာတို့ ရောက်ရှိသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အပေါင်းခင်ဗျား။ ကမ္ဘာကြီးရဲ့တိုးတက်မှုဖြစ်စဉ်များဟာ စွမ်းရည်နဲ့အရည်အချင်းပေါ်မှာသာ အခြေခံပြီးတော့ တည်ဆောက်ရမှာဖြစ်ပါတယ်။ အပေါ်ယံကြောတွေ့မြင်ရတဲ့အဆင်းပေါ်မှာ ရပ်တည်တည်ဆောက်ရမှာမဟုတ်ပါဘူးဆိုတာကို ကျွန်တော်တို့ သမိုင်းသက်သေသာဓကများ အများအပြားလည်း ရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အရည်အချင်းစွမ်းရည်ပြည့်ဝရေးကို ဦးတည်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)ရဲ့ပြင်ဆင်ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့သဘောထားပြောပါ။

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အပေါ်မှာ သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးတဲ့အပိုဒ် ၂ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူကြောင်း တင်ပြခဲ့ပြီး ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က မူလပြင်ဆင်ချက်အတိုင်း ထားရှိရန်တင်ပြထားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့သဘောတူညီမှုကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ကန့်ကွက်မဲများလျှင် ဦးဘရှိန်ရဲ့တင်ပြချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၉၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၆၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)သည် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးဆုံးဖြတ်ချက်များပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၂။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၁း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့
# (၂၀.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



**ဦးတင်နု(ခ)ဦးတင်နုအောင်**
**(မာန်အောင် မဲဆန္ဒနယ်)**



**ဦးဝင်းဝင်း**
**(မင်းဘူး မဲဆန္ဒနယ်)**



**ဒေါက်တာစံရွှေဝင်း**
**(ရေကြည် မဲဆန္ဒနယ်)**



**ဒေါက်တာဦးမင်းသိန်း**
**(ရေဦး မဲဆန္ဒနယ်)**



**ဦးမင်းသိန်း**
**(တောင်တွင်းကြီး မဲဆန္ဒနယ်)**



**ဦးအာမိုးဆီ**
**(ခေါင်လန်ဖူး မဲဆန္ဒနယ်)**



**ဦးအုန်းမောင် (ဝန်ကြီး)**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**



**ဦးကျော်လင်း (ဒုတိယဝန်ကြီး)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်